နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

## ၂၀၂၀ ပြည့်နှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စိတ်ကြိုက်မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) သားသက်ဝေ ဝတ္ထုတိုမှ ရရှိသော သင်ခန်းစာများကို ဆွေးနွေးတင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

ဘိန်းစားရေချမ်း ဝတ္ထုတိုမှ အပေါ်ယံအမြင်နှင့်အဖြစ်မှန်ကွာခြားတတ်သည့် လူ့သဘာဝသရုပ်ကို ပေါ်လွင်အောင် တင်ပြပါ။

(ခ) အာဇာနည်မိခင် ပြဇာတ်၏ အာဘော်နှင့်ဇာတ်လမ်းဖန်တီးပုံကို လေ့လာတင်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်မှ ဇာတ်ဆောင်တို့၏စရိုက်ပေါ်လွင်စေသော ပြောစကားများကို ပြဇာတ်ဆရာက မည်သို့ရေးဖွဲ့တင်ပြထားသနည်း။

၂။ (က) အောက်ပါတို့မှ နှစ်ခုကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) အပတ်တကုတ်၊ အားထုတ်ပြင်းလှ၊ ဥဿာဟဖြင့်၊ စပ်ထည်ညွှတ်၊ ရွှေပြားခတ်သို့။

(၂) ဝတ်စားတန်ဆာ၊ လယ်ကျေးရွာနှင့်၊ ဥစ္စာဆင်မြင်း၊ ပေးကမ်းခြင်းလျှင်၊ အရင်းရှေ့တည်၊ ကျင့်ရိုးမည်၏။

(၃) နားတော်ကြားလျှောက်၊ ပြွန်နှယ်ဖောက်က၊ ကန်ပေါက်ရေရှင်၊ လယ်ခွက်ဝင်သို့။

(၄) မဆွရေးခါ၊ ရှိုင်းလှစွာလျက်၊ ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ လက်ဝါးပြကာ၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်လျှင်။

(ခ) သံဝရပျို့မှ လုံ့လဝီရိယလျှော့သောရဟန်းတစ်ပါးအကြောင်းကို စိတ်ဝင်စားဖွယ်တင်ပြပါ။(၁၅မှတ်)

(သို့မဟုတ်)

သံဝရပျို့တွင် အင်းဝခေတ်မင်းမှုထမ်းတို့၏ဘဝကို စာဆိုက မည်သို့ထင်ဟပ်ရေးဖွဲ့ပြခဲ့သနည်း။

၃။ (က) အောက်ပါတို့မှ နှစ်ခု အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

ခွန်းထောက်၊ တေးထပ်စပ်နည်း ၊ လွမ်းချင်း၊ လေးချိုးစပ်နည်း ။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကိုဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့် ရှင်းပြပါ။ (၁၅မှတ်)

ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က၊ လွမ်းအောင်ကူရွှဲ။
ပန်တော်ဖြူ၊ ပင်မြက်နေစာထူလှ၊ ဘိုးတောင်သူတဲ။

[ တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၁၀မှတ်)

(၁) မေတ္တာစာသည် မည်သည့်ခေတ်တွင် အထွန်းကားဆုံးဖြစ်သနည်း။

(၂) မြဝတီမင်းကြီးဦးစ ရေးသားခဲ့သော နန်းတွင်းဇာတ်တော်ကြီး၏အမည်ကို ဖော်ပြပါ။

(၃) ဝေါဟာရတ္ထပကာသနီကျမ်းကို မည်သူပြုစုခဲ့သနည်း။

(၄) ဘိုးတော်ဘုရားလက်ထက် ရွှေဘုံနိဒါန်းကို ရေးသားသူမှာ မည်သူနည်း။

(၅) မဟာသီလဝပျို့ကို မည်သူရေးသနည်း။

(၆) ရကန်နှင့်အဖွဲ့တူပြီး အကန်အကျောက်မပါဘဲ သာယာညင်းပျောင်းစွာဖွဲ့သော ကဗျာ အမျိုးအစားကို ဖော်ပြပါ။

(၇) ၁၉၀၄ ခုနှစ်တွင် ပေါ်ထွက်လာသော ပထမမြန်မာကာလပေါ်ဝတ္ထုကို ဖော်ပြပါ။

(၈) သခင်ကိုယ်တော်မှိုင်းသည် ဋီကာဆောင်းပါးများကို မည်သို့သောရေးဟန်မျိုးဖြင့် ရေးသား ခဲ့သနည်း။

(ခ) မြန်မာစာပေသမိုင်းမှ ကုန်းဘောင်ခေတ်တွင် ရှေးကပေါ်ထွန်းခဲ့သောကဗျာပုံသဏ္ဌာန်များ (၁၅မှတ်) ဆက်လက်ထွန်းကားကြောင်းကို ဆွေးနွေးတင်ပြပါ။

(သို့မဟုတ်)

မြန်မာစာပေသမိုင်းမှ ကိုလိုနီခေတ်တွင် ပေါ်ထွန်းလာသော ခေတ်သစ်ပြဇာတ်များ၏အရေးပါပုံကို ဆွေးနွေးတင်ပြပါ။